**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**အမျိုးသားညီညွတ်ရေးအစိုးရ**

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

**ညွှန်ကြားချက်အမှတ် (၂/၂၀၂၂)**

၁၃၈၄ ခုနှစ်၊ နတ်တော်လဆန်း ၈ ရက်

(၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်)

**စက်သုံးဆီ၊ လောင်စာဆီမှရရှိသော အခွန်/ဒဏ်ကြေး ခွဲဝေသုံးစွဲခြင်းဆိုင်ရာ**

**သတ်မှတ်ချက်များအား သိရှိလိုက်နာနိုင်ပါရန်ကိစ္စ**

အမျိုးသားညီညွတ်ရေးအစိုးရ၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် အခွန်/ ဒဏ်ကြေး ခွဲဝေသုံးစွဲခြင်းဆိုင်ရာ သတ်မှတ်ချက်များအား ပြည်နယ်များရှိ EROs များ၊ တိုင်းဒေသကြီးများရှိ ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့ (ပ.အ.ဖ)၊ ပြည်သူ့ကာကွယ်ရေးအဖွဲ့ (ပ.က.ဖ)များ သိရှိလိုက်နာနိုင်ပါရန် အောက်ဖော်ပြပါအတိုင်း ထုတ်ပြန်ကြေညာအပ်ပါသည်-

(က) မြို့နယ်များအနေဖြင့် ရရှိသည့် အခွန်/ဒဏ်ကြေးများကို (၁၀၀) ရာခိုင်နှုန်းအဖြစ် သတ်မှတ်၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာန၏ "ကြားကာလဒေသန္တရ အုပ်ချုပ်ရေးဖော်ဆောင်ရာတွင် အခွန်ကောက်ခံခြင်းနှင့် မျှဝေသုံးစွဲခြင်းဆိုင်ရာမူဝါဒ" နှင့်အညီ စီမံသုံးစွဲသွားရမည်။

(ခ) လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက သတ်မှတ်ထားသော အခွန်နှုန်းထားများအတိုင်း ကောက်ခံ၍ ကောက်ခံရရှိငွေအပေါ် ရံပုံငွေခွဲဝေရာတွင် အောက်ပါအတိုင်းခွဲဝေရမည်-

(၁) စတင်ကောက်ခံရာမြို့နယ် (၃၀) ရာခိုင်နှုန်းနှင့် ကျန် (၇၀) ရာခိုင်နှုန်းအား ထွက်ရှိ ရာတိုင်းဒေသကြီးအတွင်း ဖြတ်သန်းသွားရာ လမ်းကြောင်းတလျှောက်ရှိ မြို့နယ်များကို အချိုးကျ ခွဲဝေရန်၊

(၂) မြို့နယ် ၃ မြို့နယ်နှင့် ၃ မြို့နယ်အောက် ဖြတ်သန်းသွားလာပါက ရရှိသည့် အခွန်/ဒဏ်ကြေးငွေအားလုံးအပေါ် အချိုးတူခွဲဝေရန်၊

(ဂ) သတ်မှတ်အချိုးများနှင့်အညီ သက်ဆိုင်ရာမြို့နယ်များသို့ အခွန်/ဒဏ်ကြေးငွေခွဲဝေခြင်းကို ကောက်ခံရာမြို့နယ် ပ.အ.ဖ အဖွဲ့က တိုင်းဒေသကြီးလျှပ်စစ်နှင့်စွမ်းအင်တာဝန်ခံနှင့် ပေါင်းစပ်ဆောင်ရွက်ရမည်။

(ဃ) အခွန်/ဒဏ်ကြေးငွေများ ပေးဆောင်ခြင်းကို စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာန၏ ညွှန်ကြားချက်နှင့်အညီ ပေးသွင်းရမည်။

(င) အခွန်/ဒဏ်ကြေးငွေများ ကောက်ခံရရှိမှု အခြေအနေကို အတွင်းဝန်ရုံး (စွမ်းအင်) သို့ ပေးပို့တင်ပြသည့် လစဉ်အစီရင်ခံစာတွင် ထည့်သွင်းရေးသားပေးပို့ရမည်။

(စ) လွတ်မြောက်နယ်မြေများတလျှောက် ဖြတ်သန်းသွားသည့် ရေနံနှင့်ရေနံထွက်ပစ္စည်းများအား အခွန်/ဒဏ်ကြေးငွေကောက်ခံရာတွင် မြို့နယ်များအနက် မြို့နယ်တမြို့နယ်က ကောက်ခံပြီးပါက ကျန်မြို့နယ်များမှ ထပ်မံကောက်ခံခြင်း မပြုရပါ။

အမိန့်အရ

ထက်နိုင်ဦး
အတွင်းဝန်(စွမ်းအင်)